ကျောင်းသားမိဘများထံ ကျောင်းစရိတ်တိုးပြီးယူရခြင်းမှာ အစိုးရက လုံလောက်သော ထောက်ပံ့ကြေးမပေးနိုင်ဟု ကျောင်းဆရာ ဆရာမများဆို

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇွန်လ ၁၆ ရက် ၂၀၀၇ ခု

ယနေ့ မြန်မာနိုင်ငံရှိ အခြားပြည်နယ်နှင့် တိုင်းများနှင့်အတူ မွန်ပြည်နယ်ရှိ အစိုးရ State အခြေပညာကျောင်းများလည်း စတင်ဖွင့်လှစ်ခဲ့ပြီး မွန်ပြည်နယ် တခုလုံးရှိ အစိုးရကျောင်းများတွင် ကျောင်းသားမိဘနှင့် ကျောင်းသားကျောင်းသူများ ပြည့်နှက်စွာ ကျောင်းလာအပ်နေပါသည်။

ယခုနှစ်တွင် အစိုးရမှ ကျောင်းဖွင့်ချိန်ကို အချိန်ဆွဲခဲ့သည့်အပြင် ကျောင်းစရိတ်ကိုလည်း နှစ်တိုင်းထက် ပိုပြီးကောက်ယူခဲ့ကြောင်း ကျောင်းသားမိဘများက ဆိုပါသည်။

‘‘ကျောင်းဝင်ကြေး၊ ကျောင်းသုံး စာအုပ်ကြေး၊ အားကစားကြေးတွေတော့ သိပ်မများဘူး၊ တစ်ထောင်ကျော်ကျော်လောက်ပဲ ရှိတယ်။ ဒါပေမဲ့ ကျောင်းဆောင်ပြုပြင်ကြေးနှင့် ကျောင်းဆောင်အသစ်ကြေးတွေ သိပ်များတယ်။ ခုနှစ်ထောင်မှ နှစ်သောင်းအထိရှိတယ်။ ကျောင်းသားအသစ်တွေဆို ကျောင်းဆောင်သစ်ကြေးတွေ ပိုပြီးကောက်ခံရတယ်’’ ဟု မော်လမြိုင်မြို့ပေါ်မှ အထက်တန်းကျောင်းသား မိဘများက လွတ်လပ်သော မွန်သတင်းအေဂျင်စီကို ပြောပြခဲ့ပါသည်။

အဘယ်ကြောင့် ကျောင်းဆောင်သစ်ကြေးအတွက် ကျောင်းသားမိဘဆီ ငွေယခုလောက်အထိ ဘယ့်ကြောင့်တောင်းယူရသနည်း ဟု လွတ်လပ်သော မွန်သတင်းအေဂျင်စီမှ အမည်မဖော်လိုသည့် မော်လမြိုင်မြို့ပေါ်မှ ကျောင်းဆရာ/ ဆရာမများကို မေးမြန်းရာ ယခုကဲ့သို့ ရှင်းပြခဲ့ပါသည်။

‘‘ကျောင်းသား မိဘဆီမှ ကျောင်းဆောင်ပြုပြင်ကြေးနှင့် ကျောင်းဆောင်အသစ်ကြေးတွေ ယူများလာတာကတော့ အစိုးရဆီက ထောက်ပံ့ကြေး လုံလုံလောက်လောက် မရရှိဘူး။ ကျနော်တို့ဆရာ ဆရာမတွေက ကျောင်းပြုပြင်ရေးနှင့် ကျောင်းဆောင်အသစ်အတွက် အစိုးရမှ တောင်းယူပါတယ်။ ဒါပေမဲ့ အစိုးရက ထောက်ပံ့ကြေးပေးတာ မလုံလောက်ဘူးဖြစ်တယ်၊ နည်းနည်းပဲ ရတယ်။ ဒါကြောင့် ကျောင်းဆောင် ပြုပြင်ရေးနှင့် ကျောင်းဆောင်အသစ်အတွက်ကို မိဘတွေဆီမှာ ယူရတာဖြစ်တယ်။ ကျောင်းဆောင်သုံးပစ္စည်း ဈေးကြီးလာတာကြောင့် ကျနော်တို့လည်း နှစ်တိုင်းထက်ပိုပြီး ကောက်ယူခဲ့ခြင်း ဖြစ်တယ်’’ဟု ဆရာ/ဆရာမများက ရှင်းပြခဲ့ပါသည်။

ကျောင်းဆောင်ကြေးအပြင် မြို့နယ်နှင့် ကျေးလက်ဒေသများရှိ ကျောင်းများတွင် ကျောင်းသုံးကွန်ပြူတာအတွက် ကျောင်းသားမိဘများ ထောင်နှင့်ချီ ပေးနေရပြီး၊ ကွန်ပြူတာကြေးအတွက် လယ်သမားများထံတွင်လည်း တောင်းယူနေခဲ့ကြောင်းသိရပါသည်။

ကျောင်းသားမိဘများသည် ကျောင်းအပ်စရိတ်ကြီးမားစွာ ပေးနေရသည့်အပြင် မိမိတို့သားသမီး စာမေးပွဲအောင်ရန်အတွက် ကျောင်းဆရာ/ဆရာမများမှ ဖွင့်လှစ်သော ကျူရှင်များကိုလည်း စရိတ်ကြီးကြီးနှင့် ပေးတက်နေရပါသည်။

မွန်ပြည်နယ်တွင် အထက်တန်းကျောင်းသား ကျောင်းသူတဦး၏ တနှစ်အတွက် ဘာသာစုံကျူရှင်ကြေး တသိန်းကျော်ပေးရပြီး၊ Guide (အိမ်တိုင်ယာရောက်သင်ကြားပေးသော ကျူရှင်ဆရာ) တစ်ယောက်ကို တစ်လလျှင် တသောင်းကျော် ပေးနေရကြောင်း သိရပါသည်။

ကျောင်းစရိတ် ကြီးမားလာသောကြောင့် ကျောင်းတက်နိုင်သောအရွယ် ကလေးများ ကျောင်းတက်နိုင်သည့်အရေအတွက် လျော့နည်းလာသည်။ ကျောင်းထွက်လိုက်ရသည့် ကလေးများသည် အလုပ်လုပ်ရပြီး၊ တချို့ဒေသရှိ ခလေးများသည် အစိုးရကျောင်းမှ မွန်အမျိုးသားကျောင်းသို့ ပြောင်းရွှေ့မှုများ ရှိခဲ့သည်။